# မောဂ္ဂလ္လာန ၊ အရှင် (၁၂–ရာစုနှောင်းပိုင်း)

## မောဂ္ဂလ္လာနဗျာကရဏကျမ်းပြု

အရှင်ကေလာသ

**မောဂ္ဂလ္လာန**သဒ္ဒါကျမ်း မပေါ်မီက သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၌ ကစ္စာယနပါဠိသဒ္ဒါကျမ်းကိုသာ အလေးပြုသင်ယူခဲ့ကြသည်။ အေဒီ ၁၁-ရာစုခန့်မှစ၍ သီရိလင်္ကာ ပညာရှင်ရဟန်းတော်များ၏ သက္ကတဘာသာကို သင်ယူပို့ချရန် အထူးအာရုံစိုက်မှုသည် သက္ကတဩဇာလွှမ်းမိုးသော ပါဠိစာပေတစ်ရပ်ကို ပေါ်ပေါက်စေခဲ့သည်။ ယင်းကို တိုးတက်ကောင်းမွန်သည့် စာပေအဖြစ် မှတ်တမ်းတင်ကြသည်။ တစ်ချိန်တည်းတွင် ယင်းစာပေအတွက် နောက်ဆုံးပေါ် ပါဠိသဒ္ဒါကျမ်းတစ်စောင်လည်း လိုအပ်လာသည်။ ယင်းလိုအပ်ချက်ကို အရှင်မောဂ္ဂလ္လာနမထေရ်က ဖြည့်ဆည်းပေးခဲ့သည်။ အကြောင်းမူ အရှင်မြတ်သည် **မောဂ္ဂလ္လာနဗျာကရဏ**ကို ရေးစီရင်လိုက်သောကြောင့်ဖြစ်သည်။

### မောဂ္ဂလ္လာန်သဒ္ဒါကျမ်း

မောဂ္ဂလ္လာနဗျာကရဏ်းကျမ်း အစဂါထာ၌ ကျမ်းပြုသူကမိမိသည် **မာဂဓသဒ္ဒလက္ခဏာ** ဟူသော ပါဠိဘာသာသဒ္ဒါစည်းကမ်းများကို ဖွင့်ဆိုရှင်းပြပေအံ့ ဟုဖော်ပြသည်။ ယင်းကျမ်းကိုမှီး၍ နောက်ထပ်ဖွင့်ဆိုသည့် **ပဒသာဓန**ကျမ်းကမူ **မောဂ္ဂလ္လာနသဒ္ဒတ္ထရတနာကရ**ဟု အမည်နာမ ပြုသည်။ **သမ္ဗန္ဓစိန္တာ**ကျမ်းကမူ မောဂ္ဂလ္လာနဟု သာမန်အမည်နာမပြုသည်။ ပယောဂသိဒ္ဓိကျမ်း၌ မောဂ္ဂလ္လာနသုတ္တ၊ မောဂ္ဂလ္လနသဒ္ဒတ္ထဟုခေါ်ပြန်သည်။ ပဉ္စိကာပြဒီပယကျမ်း၌ ယင်း ပါဠိမောဂ္ဂလ္လာနကျမ်းကို သက္ကတအမည်ဖြင့် မောဂ္ဂလ္လာယနဗျာကရဏဟုခေါ်သည်။ ယင်းဖော်ပြချက် အားလုံးသည် အရှင်မောဂ္ဂလ္လာနမထေရ်စီရင်သော သဒ္ဒါဆိုင်ရာ စနစ်သစ်ကျမ်းသည် စာရေးသူ၏ အမည်နာမဖြင့်ပင် ကျော်ကြားလာခဲ့ပြီး ယင်းကျမ်းရေးပြီးနောက် ရာစုနှစ် နှစ်ခုအတွင်း မောဂ္ဂလ္လာနဗျာကရဏအမည်ဖြင့် လူသိများခဲ့ကြောင်း ဖော်ပြသည်။

မောဂ္ဂလ္လာနဗျာကရဏ်းကျမ်း၌ ကစ္စည်းသဒ္ဒါကျမ်းနှင့် မတူသော အချက်များစွာကို ထုတ်ပြထားသည်။ ကစ္စည်းသဒ္ဒါ၌ သရ ၈-လုံးယူ၍ အက္ခရာ ၄၁-လုံး ပြဆိုသော်လည်း မောဂ္ဂလ္လာန်၌ သရ ၁၀-လုံးယူပြီး အက္ခရာ ၄၃-လုံးပြသည်။ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကို ၁။ သညာဒိ ၂။ သျာဒိ ၃။ သမာသော ၄။ ဏာဒိ ၅။ ခါဒိ ၆။ တျာဒိ ၇။ ဏွာဒိ ဟူ၍ ကဏ္ဍခုနစ်ရပ်၊ သုတ်ပေါင်း ၁၀၃၇-သုတ်ဖြင့် ဖွဲ့စည်းထားသည်။

အရေးကြီးအချက်တစ်ရပ်မှာ အရှင်မောဂ္ဂလ္လာနသည် မိမိ၏ထုတ်ဖော်ချက်များကို သက်သေပြရန် တိပိဋကပါဠိတော်မှ ဥဒါဟရုဏ်ပုံစံများစွာတို့ကို ကိုးကားဖော်ပြခြင်းဖြစ်သည်။ ထို့ပြင်မောဂ္ဂလ္လာန်သဒ္ဒါနည်းစနစ်သည် သဒ္ဒါကျွမ်းကျင်သူ ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးတည်းက သုတ်၊ ဝုတ္တိ၊ သုံးသပ်ချက်တို့ကို ရေးသားရာ၌ အထူးကောင်းမွန်လှသည်[၁]။

မောဂ္ဂလ္လာန်သဒ္ဒါကျမ်းသည် ကျမ်းပြုသူ၏တပည့်ဖြစ်သူ အရှင်ပိယဒဿီ ရေးသားသည့် ပဒသာဓနကျမ်းကို အစပြု၍ အခြံအရံကျမ်း များစွာရှိသည်။ ယင်းတို့မှာ -

၁။ ပဒသာဓနကျမ်း
  ကျမ်းပြုသူ၏တပည့် အရှင်ပိယဒဿီ ရေးသည်။
၂။ သမ္ဗန္ဓစိန္တာ
  ဥဒုမ္ဗရဂိရိကျောင်းနေ အရှင်မဟာကဿပနှင့် အရှင်မေဓင်္ကရ၏တပည့် အရှင်သံဃရက္ခိတ ရေးသည်။
၃။ သုသဒ္ဒသိဒ္ဓိ
  ဥဒုမ္ဗရဂိရိကျောင်းနေ အရှင်မဟာကဿပနှင့် အရှင်မေဓင်္ကရ၏တပည့် အရှင်သံဃရက္ခိတ ရေးသည်။
၄။ ပယောဂသိဒ္ဓိ
  အရှင်မေဓင်္ကရဝနရတန ရေးသည်။
၅။ သမ္ဗန္ဓစိန္တာဋီကာ
  အရှင်ဝါစိဿရ ရေးသည်။
၅။ မောဂ္ဂလ္လာနဗျာကရဏဋီကာ
  အရှင်ဝါစိဿရရေးသည်။
၆။ ဗုဒ္ဓိပ္ပသာဒနီ
  အရှင်ရာဟုလဝါစိဿရ (အေဒီ ၁၅-ရာစု)ရေးသည်။
၇။ ပဉ္စိကာပြဒီပယ (သီဟိုဠ် ပါဠိနှစ်ဘာသာဖြင့်)
  အရှင်ရာဟုလဝါစိဿရ (အေဒီ ၁၅-ရာစု)ရေးသည်။
ဤကျမ်းသည် ဒဿနနှင့်ယုတ္တိဗေဒစသည့် ရှေးဟောင်းကျမ်းစာပေါင်း ၅၀-ကျော်ကို ကိုးကားခဲ့သည်[၂]။
၈။ ပဒသာဓနသီဟိုဠဘာသာနိဿယ
  အရှင်အာနန္ဒဝနရတနရေးသည်။

ယင်းသို့ အခြံအရံကျမ်း များပြားခြင်းကြောင့်လည်း အရှင်မောဂ္ဂလ္လာန်၏သဒ္ဒါကျမ်းသစ် ပိုမိုထင်ရှား ကျော်ကြားရခြင်း ဖြစ်ဖွယ်ရှိသည်။

### ကျမ်းပြုပုဂ္ဂိုလ်

ကျမ်းစာကျော်ကြားသလောက် ကျမ်းပြုပုဂ္ဂိုလ်နှင့်ပတ်သက်၍မူ အနည်းငယ်သာ သိရှိရသည်။ **မောဂ္ဂလ္လာနဗျာကရဏ**ကျမ်းပြု အရှင်မောဂ္ဂလ္လာနသည် ဥဒုမ္ဗရဂိရိဝိဟာရနေ အရှင်မဟာကဿပ၏တပည့်ဖြစ်သည်။ သို့ဖြစ်၍ ဤ

---

[၁] Hand Book of Pali Literature, p. 96

[၂] Sinhalese Literature, p. 316-317

အရှင်အား သရတ္ထဋီကာကျမ်းပြု အရှင်သာရိပုတ္တရာနှင့် ခေတ်ပြိုင် ဆရာတူတပည့်ဟုဆိုနိုင်သည်။ ဤအရှင်၏ တပည့်ဖြစ်သူ **ပဒသာဓန**သဒ္ဒါကျမ်းပြု ပိယဒဿီမထေရ်၏ အဆိုအရ အရှင်မောဂ္ဂလ္လာနသည် အနုရာဓပုရမြို့တွင် သီတင်းနေထိုင်ခဲ့သည်။ ပဥ္စိကာပြဒီပယကျမ်းပြု အရှင်သိရိရာဟုလမထေရ်၏ ပိုမိုတိကျစွာ ပြဆိုခဲ့ချက်အရ အရှင်မောဂ္ဂလ္လာနသည် အနုရာဓပုရမြို့ရှိ ထူပါရာမကျောင်းတိုက်တွင် သီတင်းသုံးခဲ့ကြောင်း သိရသည်။

**ဝေလိက္ကရသ** (Velaikkarsa)၏ ပေါလုန္နရုဝကျောက်စာတွင်ဖော်ပြသော ဥတုရဋ္ဌမ္ဗုလကျောင်းနေ မုဂလန်မဟာသထဝိရ (Mugalan Mahasthavira) ဟူသည် သဒ္ဒါကျမ်းပြု အရှင်မောဂ္ဂလ္လာန်သည် ဖြစ်နိုင်သည်ဟုဆိုသည်[၁]။ အေဒီ ၁၁၃၇-၁၁၅၃ အတွင်းဟု မှတ်တမ်းတင်ထားသော အဆိုပါ ကျောက်ရေးမှတ်တမ်းတွင် ဖော်ပြပါအရှင်မြတ်နှင့် ပတ်သက်၍ ဘုရင့်ဆရာဖြစ်ကြောင်းနှင့် ကရုဏာ၊ သီလပညာတို့နှင့်ပြည့်စုံသော သဒါကျမ်းတတ်ပညာရှိဟု ဖော်ပြသည်။ ဥဒုမ္ဗရဂိရိကျောင်းနေ အရှင်မေဓင်္ကရမထေရ်က သူသည် သာရတ္ထဋီကာကျမ်းပြု အရှင်သရိပုတ္တရာနှင့် မောဂ္ဂလ္လာနဗျာကရဏကျမ်းပြု အရှင်မောဂ္ဂလ္လာနမထေရ်တို့ထံ၌ ပညာသင်ယူခဲ့ကြောင်း ဆိုထားသည်[၂]။

မောဂ္ဂလ္လာနကျမ်းပြုဆရာက သူသည် ပထမ ပရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆ )လက်ထက်တွင် သူ့ကျမ်းကို ရေးသားကြောင်းဆိုသည်။ သို့ဖြစ်၍ သူသည် အဘိဓာန-ပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာနထက် ရှေးကျပြီး တစ်ပါးစီဖြစ်သည်။

ပေါလုန္နရုဝမြို့၊ ဂေါလဝိဟာရရှိ မဟာပရက္ကမဗာဟုကျောက်စာ၌ ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာတို့ ကိုဖော်ပြပြီး ခုဒ္ဒသိက္ခာဋီကာတစ်စောင်ကို သဒ္ဒါကျမ်းတတ် အရှင်မော-ဂ္ဂလ္လာနရေးကြောင်း ဖော်ပြသည်။ သို့ရာတွင် ယင်းဋီကာသည် ယခုအခါ ပျောက်ဆုံးသွားပြီးဖြစ်သည်။ ယင်းသည် ခုဒ္ဒသိက္ခာ၏ ရှေးအကျဆုံးဋီကာ ဖြစ်ဖွယ်ရှိသည်[၃]။ ယခုထင်ရှားရှိသည့် ခုဒ္ဒသိက္ခာဋီကာဟောင်းကို အရှင်မောဂ္ဂ-လ္လာန်၏တပည့် အရှင်သံဃရက္ခိတ ရေးသားသည်။ ဋီကာသစ်ကို ဋီကာကျော်ကျမ်းပြုအရှင်သုမင်္ဂလမထေရ် တောင်းပန်၍ အရှင်ဝါစိဿရက ရေးသားသည်။ အရှင်သုမင်္ဂလမထေရ်တောင်းပန်သည်ကို အကြောင်းပြု၍ပင် သုမင်္ဂလပ္ပ-သာဒနီဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဝိဇယဗာဟုမင်း၏ တမီးလ်ကျောက်စာတစ်ခု၌ ဖော်ပြသည့် အရှင်မောဂ္ဂလ္လာနမထေရ်ဖြစ်ဖွယ်ရှိပြီး ထိုအရှင်သည် စွယ်တော်တိုက်ကို စောင့်ရှောင့်ရန် ခန့်အပ်ခံရသူဖြစ်သည်။ ဥတ္တရမူလနိကာယ၏ နာယကလည်းဖြစ်သည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုရေးသားသူ အရှင်အနုရုဒ္ဓါသည် ယင်းဥတ္တရမူလနိကာယနိကာယ၏ ဒုတိယနာယကဖြစ်ခဲ့ဖူးသည်။

အရှင်မေဂ္ဂလ္လန်သည် ထိုခေတ်က ပညာရှင်ပုဂ္ဂိုလ်များလေးစားခံရလောက်အောင် ထင်ရှားခဲ့သည်မှာ သံသယဖြစ်ဖွယ်မလိုချေ။ ဥဒုမ္ဗရဂိရိကျောင်းတိုက်၏နာယက အရှင်သာရိပုတ္တရာ၏တပည့် ကျမ်းစာ များစွာပြုစုခဲ့သူ ပညာရှင် အရှင်မေဓင်္ကရမထေရ်ကလည်း ဝိနယတ္ထသမုစ္စယကျမ်းနိဂုံး၌ ဤအရှင်အကြောင်းကို အလွန်လေးစားစွာ ဖော်ပြခဲ့သည်ကို တွေ့နိုင်သည်။ အရှင်သာရိပုတ္တရာ၏ တပည့်တစ်ဦးဖြစ်သူ ပါဠိသဒ္ဒါငါးကျမ်းထက်မနည်းရေးသားခဲ့သူ အရှင်သံဃရက္ခိတမထေရ်ကလည်း သမ္ဗန္ဓစိန္တာကျမ်း၌ အရှင်မေဂ္ဂလ္လာန်အား မိမိဆရာတစ်ဦးအဖြစ် ဖော်ပြခဲ့သည်။

## ခေတ်ကာလ

မောဂ္ဂလ္လာန်သဒ္ဒါကျမ်း နိဂုံးအရ ပထမပရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆)ဦးဆောင်မှုဖြင့် ၁၁၆၅-တွင် ကျင်းပခဲ့သော သံဃာ့အစည်းအဝေး နောက်ပိုင်း၌ ယင်းကျမ်းကို ရေးသားခဲ့ကြောင်း သိရသည်။

ကျမ်းပြုသူ အရှင်မောဂ္ဂလ္လာန်မှာ **ဥဒုမ္ဗရဂိရိ**ကျောင်းနေ အရှင်မဟာကဿပ၏ တပည့်ဖြစ်သည် ဟူသောအချက်ကို မောဂ္ဂလ္လာနကျမ်း၏ အဖွင့်ကိုရေးသည့် ကျမ်းပြုပုဂ္ဂိုလ်အားလုံး ငြင်းချက်မရှိ လက်ခံကြသည်။ ပရက္ကမဗာဟုမင်း သံဃာသန့်ရှင်းရေးကိစ္စ ဆောင်ရွက်ပြီးနောက် ယင်းမောဂ္ဂလ္လာနကျမ်းကို ရေးသည်။ **နိကာယသင်္ဂဟ**ကျမ်း[၄]က ယင်း (သံဃာသန့်ရှင်းရေးကိစ္စ ဆောင်ရွက်မှု) သည် အေဒီ-၁၁၆၅ အချိန် ပထမပရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆) လက်ထက်တွင်ဖြစ်ကြောင်း အတည်ပြုသည်။ သို့ဖြစ်၍ အဖြစ်နိုင်ဆုံးအနေဖြင့် ယင်းကျမ်းကို အေဒီ ၁၁၆၅ နောက် နှစ်အနည်းငယ် အကြာတွင် ရေးသားခဲ့ခြင်းဖြစ်နိုင်သည်။

ကျမ်းပြုပုဂ္ဂိုလ် အရှင်မောဂ္ဂလ္လာန်ကိုလည်း ပါဠိစာပေအထူးတိုတက်ထွန်းကားသည့် အေဒီ ၁၂-ရာစုနှောင်းပိုင်းဟု သတ်မှတ်နိုင်သည်။

## ဆုတောင်းမရှိ

အရှင်သာရိပုတ္တရာစသော ထိုခေတ်ကျမ်းပြုပုဂ္ဂိုလ်များကဲ့သို့ ကျမ်းပြုဆုတောင်းအထူး ပပါရှိပေ။ ☺☺☺

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ 85282 USA

[၁] EZ, Vol, ii, p. 248-254

[၂] Theravadi Baud- dhacaryayo, p. 112-113

[၃] PLC, p. 76

[၄] p. 25